
mgyoe.com



# ယဉ်ကျေးလိမ္မာ
# မင်္ဂလာကဗျာများ

ဒဂုန်ဦးထွန်းမြင့်
စုစည်းသည်။

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့
ပျက်ပြားနေကြ ကမ္ဘာမြေ၊
တိုတိုင်း ဒီပြည် ရန်စစ်ခင်းလို့
လူနှင့် လူချင်း သတ်ညှင်းနေ၊
ငြိမ်းချမ်းပါစေ အာသီသနဲ့
စွမ်းနိုင်ရာက ကူညီသလေ၊
သုံးဆယ့်ရှစ်ပါး မင်္ဂလာတရား
ရေးသားဖြန့်ကာဝေ
အဖိုးတန်တဲ့ "ဗုဒ္ဓဝါဒ"
ကမ္ဘာက သိပါစေ ။ ။

dutm0003

600.00 Ks

mgyoe.com

ယဉ်ကျေးလိမ္မာမင်္ဂလာကဗျာများ
ဒဂုန်ဦးထွန်းမြင့် - စုစည်းသည်။

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၀၀ ၃၃၁ ၀၄၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၀၀ ၄၁၀ ၀၇၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| | | |
| မျက်နှာဖုံးပန်းချီ | - | ဓာတချို |
| ကွန်ပျူတာဝလင် | - | ဒီးဂဲလ် |
| လက်ခွဲဝလင် | - | အဆက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၂၉ · ၃
ထွန်းမြင့်၊ ဦး၊ ဒဂုန် - စုစည်းသည်၊
ယဉ်ကျေးသိမ္မာမင်္ဂလာကဗျာများ၊ /
ဒဂုန်ဦးထွန်းမြင့် စုစည်းသည်။ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂။
စာမျက်နှာ ၅၉ မျက်နှာ၊
၁၀ စင်တီx ၁၆·၅ စင်တီ
(၁) ယဉ်ကျေးသိမ္မာမင်္ဂလာကဗျာများ၊

၂၀၁၂ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၆၀၀ ကျပ်

mgyoe.com
mgyoe.com

mgyoe.com

အိတ်ဆောင်

# ယဉ်ကျေးလိမ္မာ မင်္ဂလာကဗျာများ

ဒဂုန်ဦးထွန်းမြင့် စုစည်းသည်။

ယခင်က "ယဉ်ကျေးလိမ္မာ ရွှေကျောင်းဆော့ မင်္ဂလာကဗျာများ" ဟု ထွက်ရှိခဲ့သည်။
ရှင်းလင်းသော စာအုပ်ဆိုဒ်ကြီးလည်း ထွက်ရှိပါသည်။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


မင်္ဂလသုတ်ပျို့
မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး ၇

မင်္ဂလာကဗျာ
မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ ၂၅

မင်္ဂလာကဗျာ
ဆရာကြီးဒဂုန်ဦးထွန်းမြင့် ၃၇

မင်္ဂလာကဗျာ
ဆရာကြီးဦးဆန်းထွန်း(မန်းတက္ကသိုလ်) ၅၁

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာသီချင်း
ရေးဖွဲ့သူ - တယောဆရာဦးဟန်ဝင်း
သီဆိုသူ - ဒေါ်ကြည်ကြည်ဌေး ၅၅


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မင်္ဂလာသုတ်ပျို့
မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး
[၁၁၂၈ – ၁၁၉၆]

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပဏာမနှင့်ဆုတောင်း

မဟာပရမေ၊ ငါးရန်ချွေလျက်၊ ကိုးထွေဂုဏ်ပုံ၊ အရဟံထွတ်ချာ၊ မဟာသမ္ဗုဒ္ဓ၊ ဉာဏပွင့်ဝါ၊ ဝိဇ္ဇာစရဏ၊ သမ္ပန္နဟု၊ တေဇပြန့်ပြော၊ သုဂတောနှင့်၊ လောကဝိဒူ၊ ပြိုင်သူဝေးဆုတ်၊ အနုတ္တရ၊ လူထိုမျှကို၊ ဆုံးမနိုင်စွာ၊ လိမ္မာတတ်ကြူး၊ လှည်းယာဉ်မှူးဟု၊ အထူးမှတ်ရ၊ ပုရိသ ဒမ္မသာရထိ၊ ကျော်ရှိန်ညီ၏၊ ဒိဋ္ဌမာန၊ ပါပမြေးထူ၊ နတ်နှင့်လူကို၊ သုံးဆူဝင့်မှ၊ ကင်းလွတ်ထအောင်၊ ဟောပြတတ်စွာ၊ သတ္ထာပညတ်၊ လေးရပ်သစ္စာ၊ စိတ်ဖြာဖော်ပြ၊ ဗုဒ္ဓမည်သာ၊ ဘုန်းခြောက်ဖြာကြောင့်၊ ဘဂဝါဟူသည်၊ အတည်တည်ဖြင့်၊ ရောင်ခြည်ထောင်ပြည့်၊ ဝန်းဝန်းလှည့်သို့၊ နှိုင်း

mgyoe.com

mgyoe.com


ယှည့်ဖက်ကင်း၊ မင်းမင်းအထွတ်၊ နတ်နတ်အခြာ၊ ဖြပ္ပွာမာတို့၊ ရတနာရောင်ဝှန်၊ မြတ်တံခွန်၏၊ စက်မွန်နှစ်စုံ၊ ထီးဖြူရုံကို၊ ထိပ်အုံကာမိုး၊ ရှိရွယ်ခိုး၏၊ ကိုးနှင့်ခြောက်သွယ်၊ အနန္တရာယ်လည်း၊ ပျောက်ပြယ်ရှင်းလျက်၊ ရာသက်ရိပ်ငြိမ်၊ စည်းစိမ်ချမ်းသာ၊ ပညာ၊ ဗလ၊ ယသ,ကိတ္တိ၊ သမ္ပတ္တိနှင့်၊ သိဒ္ဓိလာဘ၊ မိတ္တဝရံ၊ သုခံသောဂ၊ တေဇဇေယျာ၊ စိန္တာမယ၊ ဣဒ္ဓဖလံ၊ စက္ကံ့ သီရိ၊ ဣဒ္ဓိဝဏ္ဏ၊ ပါမောက္ခဟု၊ ကုသလရှိန်စော်၊ အာနုဘော်သည်။ ။ နိုင်းလျော်ရွေလ တူစေသောဝ်။

## မင်္ဂလာနိဒါန်း

ရတနာထွတ်ခေါင်၊ မိတည်းနောင်သည်၊ ရွေညောင်ဗုဒ္ဓဟော၊ ပလ္လင်ဗွေ၌၊ သုံးထွေမင်္ဂဉာဏ်၊ လေးတန်သစ္စာ၊ ငါးဖြာမာရ်အောင်၊ ခြောက်ရောင်လင်းချဲ့၊ ရန်မျိုးဖွဲ့လျက်၊ လေးဆယ့်ငါးဝါ၊ ဒီဃာယုကျော်၊ ရှစ်ဆယ်မြွက်က၊ ပြည်ကျော်သာယာ၊ ကုသိနာ၌၊ မင်္ဂလာစုပုံ၊ အင်ကြင်းစုံက၊ ရွှေဘုံသာခန်း၊ အမြိုက်နန်းကို၊ စံမြန်းသည့်နောက်၊ လေးလမြောက်တွင်၊ ပြိုင်ထောက်မခို၊ ရာဇဂြိုဟ်၏၊ နဂိုအရှေ့၊ လက်ျာကွေ့တွင်၊ မြင့်ရွေ့မှောင်မှောင်၊ စိမ်းလဲ့မှောင်သား၊ တောင်ဝေဘာရ၊ ပဗ္ဗတ၌၊ ရတနာ့အတိ၊ ဝင်းဝင်း

mgyoe.com

mgyoe.com


ညီမျှ၊ မဏိရောင်လျှပ်၊ ရွှေမဏ္ဍပ်ဝယ်၊ ချယ်တပ်မျက် ရှင်၊ ရွှေပလ္လင်ထက်၊ ရွှေဆင်စွယ်ယပ်၊ သုံးသပ်ကိုင် နေ၊ ဣန္ဒြေတည်စွာ၊ အာနန္ဒာအား၊ မဟာကဿပ၊ ရွှေနှုတ်ဟ၍၊ မင်္ဂလသုတ္တန်၊ ထူးမြတ်လွန်ကို၊ ဘဂ ဝန်မြတ်စွာ၊ ဘယ်အခါတွင်၊ ဘယ်ရွာဘယ်မြို့၊ ဘယ် သူတို့က၊ ဘယ်သို့မေးလှာ၊ ဘယ်ခြင်းရာဖြင့်၊ အခါ နေ့ည၊ ဟောလေရဟု၊ ထင်ပြသီလို၊ မေးမိန့်ဆို သည်။ ။ သံချိုဝေဝေ ရွှန်းရွှန်းတည်း။

မြတ်ရဟန္တာ၊ ရှင်ငါးရာနှင့်၊ ရှင်မဟာကဿပ၊ ပုစ္ဆာပြသော်၊ ဘုရားညီမွန်၊ ရှင်အာနန်က၊ တုံ့ပြန် စကား၊ မှတ်သားစွဲပိုက်၊ ကျွန်ကြားလိုက်၏၊ မှတ် ပိုက်ဆောင်ထ၊ သမယကား၊ လောကတံခွန်၊ မြတ် ဆုံးစွန်သည်၊ အလွန်သာလှ၊ ကောသလဟု၊ ရဋ္ဌသီရိ၊ သာဝတ္ထိဌ်၊ ပြည်ကြီးလက္ခဏာ၊ ကြွယ်ဝစွာသား၊ အနာထပိဏ်၊ ကျော်ရှိန်ထွန်းတောက်၊ တည်ထား ဆောက်သား၊ ရွှေကျောက်ရောင်ဝှန်၊ ဇေတဝန်၌၊ လေးတန်ယာပိုက်၊ နေသောကြိုက်တွင်၊ ဆူလှိုက်ဂုဏ် အင်၊ မထင်မပေါ်၊ မကျော်စောလှ၊ သုခသမွတ်၊ စည်း စိမ်မြတ်နှင့်၊ အညတရ၊ နတ်ဒေဝကို၊ မာဃစေဟန်၊ နတ်တမန်လည်း၊ ညဥ့်သန်ကောင်ခါ၊ ဆင်း၍လာ လျှင်၊ ကိုယ်ဝါကိုယ်ရောင်၊ ဝင်းဝင်းပြောင်သော်၊ မှောင်ပျောက်၍ကွာ၊ ရတနာစံလှော်၊ ကျောင်းတော်

mgyoe.com

mgyoe.com


အလုံး၊ ရွှေရောင်ဖုံး၍၊ ရွှေတုံးတူယောင်၊ ထိုနတ်မောင်လည်း၊ ဘုန်းခေါင်ရှိရာ၊ ခြောက်ဖြာပြစ်လွန်၊ ဧကေမန်က၊ ထိပ်စွန်အချာ၊ ရိုသေစွာဖြင့်၊ ငါးဖြာအဥ္ဇလီ၊ လက်အုပ်ချီ၍၊ ပီပီသသ၊ ထိုဗန္ဓကား၊ တတြပကာရာ၊ မည်ထိုက်စွာအောင်၊ ဂါထာသံချို၊ ရွတ်ဆိုပုစ္ဆာ၊ မေးလျှောက်လာသည်။ ။ မျက်နှာရွှင်ရွှင်လန်းလန်းတည်း။

သိရိပရက္ကမ၊ ယသစမွှော်၊ ထင်ပေါ်ကောင်းဟိတ်၊ ဣဿရိယ၊ ကာမဟူသည်၊ ခြောက်ဆူတံခွန်၊ ဘုန်းတော်ချွန်သား၊ ဘဂဝန်မြတ်စွာ၊ စောထွတ်ချာ... များစွာနတ်လူ၊ မျိုးလေးဆူတို့၊ စင်ဖြူအသွင်၊ သန့်စင်ကဲလွန်၊ နောက်မပြန်သား၊ နိဗ္ဗာန်ခေမာ၊ ပြည်ချမ်းသာကို၊ လိုပါသဖြင့်၊ မြတ်မြင့်ရာရာ၊ မင်္ဂလာ အပြား၊ အပါးပါးကို၊ ဉာဏ်အားကိုးကာ၊ ကြံကြပါသည်၊ ဆယ့်နှစ်ခါမည်၊ နှစ်ပေါင်းလည်ပြီ၊ စိတ်ကြည်ညီရာ၊ သဒ္ဓါခိုင်ခိုင်၊ မကြံနိုင်ခဲ့၊ ငါးဆိုင်ရန်နှင်၊ ထွတ်သခင်သည်၊ ထိုမင်္ဂလာ၊ မြတ်လှစွာကို၊ ဟောပါစေချင်၊ ရှိဦးတင်သည်။ ။ စုံလင်ကျယ်ကျယ်ဝန်းဝန်းတည်း။

ဤသို့လျှောက်လျှင်၊ သုံးလူ့ရှင်လည်း၊ ရှစ်အင်စုံညီ၊ သံတော်ချီ၍၊ ရွှေသီဟထုံး၊ မသုံးသပ်လှ၊ စိတ်က မငြိ၊ ရွှင်ပီတိဖြင့်၊ မိန့်ရှိသည်မှာ–

mgyoe.com

mgyoe.com


ဝတိန်သာက၊ ဣန္ဒာဒေဝ၊ သိကြားတမန်၊ မောင်နတ်မွန်... လျှောက်ဟန်အရ၊ မင်္ဂလအပြား၊ ငါမိန့်ကြားအံ့–

## သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ

### ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃ ပါး

(၁) တရားမသိ၊ ဒိဋ္ဌိအယူ၊ အမူယွင်းချို့၊ သူ့ဖို့ကိုယ်အား၊ စီးပွားမရှု၊ ခုဝတ္တာမာန်၊ ပစ္စုပ္ပန်နှင့်၊ နောင်ဖန်ကောင်းကျိုး၊ မြတ်နိုးမပြု၊ မကောင်းမှုကို၊ ပြုမည်သာပ၊ အားထုတ်ကြသည်၊ ဗာလခေါ်ထိုက်၊ ထိုလူမိုက်ကို၊ ယဉ်ပိုက်ယှဉ်တွဲ၊ မမှီဝဲလင့်–

(၂) ငရဲရှောင်ကွာ၊ ပြိတ္တာကင်းဖွယ်၊ အပါယ်ကင်းလွတ်၊ လူနတ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ ရရာမှတ်သိ၊ မြတ်ဉာဏ်ရှိသား၊ ပဏ္ဍိတ်တို့ကို၊ မှီတွဲခိုလော့–

(၃) လူဗိုလ်တကာ၊ ကိုးကွယ်ရာသား၊ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကနှင့်၊ သာဝကသံဃာ၊ ဆရာ,မိဘ၊ ဂုဏထင်ပေါ်၊ ပူဇော်ထိုက်ငြား၊ သူမြတ်များကို၊ တရားပစ္စည်း၊ ဤနှစ်နည်းဖြင့်၊ သိပ်သည်းကော်ရော်၊ ပူဇော်ရခြင်း–

mgyoe.com

mgyoe.com


အရင်းအဖျား၊ ဤသုံးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန်စွဲမှတ်ရှာလေလော။

နေထိုင်ရေးမင်္ဂလာ (၃)ပါး

ရွှေဝတိန်သာ၊ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ သိကြားတမန်၊ မောင်နတ်မွန်...

(၄) လေးတန်စက္က၊ ဓမ္မဖြန့်ချိ၊ ခေါ်အပ်ဘိသည်၊ ပတိရူပ၊ သင့်လှလျောက်ပတ်၊ မြင့်မြတ်ဒေသ၊ နေရခြင်းသည်၊ မှတ်ခင်းတစ်သွယ်–

(၅) ရှေးဝယ်ကာလ၊ ရှေးဘဝက၊ ပုညဝတ္တု၊ ပြုစုခဲ့ဖူး၊ အထူးရှိလစ်၊ ထိုအဖြစ်လည်း၊ စင်စစ်တစ်သွယ်–

(၆) စင်ကြယ်သီလ၊ အတ္တ,သမ္မာ၊ ကိုယ်ကိုသာလျှင်၊ ကောင်းစွာညစ်ကြေး၊ ကွာဝေးသန့်ရှင်း၊ စောင့်စည်းခြင်းတည့်၊ ယင်းလည်းတစ်သွယ်–

မှတ်ဖွယ်ထင်ရှား၊ ဤသုံးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန် စွဲမှတ်ရှာလေလော။

mgyoe.com

mgyoe.com



သင်ကြားမှုမင်္ဂလာ (၄)ပါး

ငွေဝတိန်သာ၊ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ သိ
ကြားတမန်၊ မောင်နတ်မွန်...

(၇) အလွန်ကဲမှု၊ ဗာဟုသစ္စ၊ သုတစိန္တာ၊ ဘာဝနာ
ဟု၊ များစွာမှတ်သား၊ အကြားအမြင်၊ ဉာဏ်
အင်တိုးပွား၊ များသည်တစ်ကြောင်း–

(၈) မကောင်းတံ့လတ်၊ ပါပဝဋ်မှ၊ ကင်းလွတ်သမျှ၊
သိပ္ပကဲမြတ်၊ အတတ်ထူးလည်၊ တတ်သည်
တစ်ကြောင်း–

(၉) ပျော့ပျောင်းနှလုံး၊ ကိုယ်နှုတ်သုံး၍၊ ဆုံးမနိုင်
သည်၊ တွင်မည်တစ်ကြောင်း–

(၁၀) လူ့အပေါင်းတို့၊ နတ်စောင်းတီးလှာ၊ ထို့ပမာ
သို့၊ နားမှာဝင်စေ၊ အနေသင့်ရာ၊ ကောင်းစွာ
ပိုင်းခြား၊ စကားသံချို၊ ပြောဆိုရခြင်း၊ အခင်း
တစ်ကြောင်း–

ပေါင်းလတ်တံ့ငြား၊ ဤလေးပါးကို၊ ယုံမှားကင်း
လွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာ
ဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန်စွဲ
မှတ်ရာလေလော။

mgyoe.com

mgyoe.com



## ပြုစုရေးမင်္ဂလာ (၃)ပါး

မြဝတိန်သာ၊ နတ်တို့ရှာက၊ ဣန္ဒာဒေဝ၊ သိကြား‌တမန်၊ မောင်နတ်မွန်...

(၁၁) ယုဂန်တောင်ညို၊ မြင်းမိုရ်မက၊ ဂုဏ်ကြီးလှသား၊ မိဘမည်သာ၊ မာတာပိတု၊ ဤနှစ်ခုကို၊ ဥပဋ္ဌာန၊ တုပ်ကွမြတ်လေး၊ စားဦးပေး၍၊ ကျွေးမွေးနိုင်စေ—

(၁၂) လူဖြစ်လေမူ၊ သူတော်တကာ၊ ကျင့်ရာမှတ်သား၊ ဝတ်ငါးပါးဖြင့်၊ သားမယားကို၊ ဆဲဆိုစောင်းရိပ်၊ ရိုက်နှိပ်ပဗ္ဗာ၊ ပြစ်မရှာဘဲ၊ ကောင်းစွာကျင့်လေ—

(၁၃) စိတ်နေဖြောင့်ဖြောင့်၊ သတိစောင့်လျက်၊ နှောင့်ယှက်လေဖွယ်၊ မှုကြီးငယ်ကို၊ လွှဲပယ်ခွာမှု၊ ရှောင်ရှားရှုလျက်၊ ပြုရခြင်းသည်—

ကြံစည်မှတ်သား၊ ဤသုံးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန်စွဲမှတ်ရှာလေလော။

## ကျင့်သုံးရေးမင်္ဂလာ (၄)ပါး

ဖန်ဝတိန်သာ၊ နတ်တို့ရှာက၊ ဣန္ဒာဒေဝ၊ သိကြား‌တမန်၊ မောင်နတ်မွန်...

mgyoe.com

mgyoe.com


(၁၄) အနံ့ပါနံ၊ ဃရံဝတ္တံ၊ ယာနံမာလံ၊ ဝိလေပနံ၊ ဂန္ဓောသေယျော၊ ပဒီပေါစ၊ ဒသဝတ္ထု၊ ကောင်းမှု ဟူသည်၊ အလှူကုက်ကျွေး၊ ပေးရခြင်းသည်၊ တစ်ပါးမည်၏–

(၁၅) ငါးမည်သီလ၊ သုံးဝသုစရိုက်၊ နှစ်ခြိုက်မှတ်သား၊ တရားကောင်းမြင့်၊ ကျင့်ရခြင်းသည်၊ တစ်ပါးမည်၏–

(၁၆) မျိုးမည်စပ်လေ၊ အဆွေရင်းချာ၊ ဉာတကာကို၊ ဥစ္စာနှီးရင်း၊ ပေးခြင်းထောက်ပင့်၊ ချီးမြှင့်ခြင်းသည်၊ တစ်ပါးမည်၏–

(၁၇) လူ့ပြည်ရပ်ဆစ်၊ အပြစ်ရောက်ဖွယ်၊ ငယ်စေကြီးစေ၊ နီးဝေးစေတော့၊ ရှောင်သွေကွာမှု၊ ဉာဏ်ဖြင့်ရှု၍၊ ပြုရခြင်းသည်၊တစ်ပါးမည်၏–

လူ့ပြည်ထင်ရှား၊ ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန်စွဲမှတ်ရှာလေလော။

## ရှောင်ကြဉ်ရေးမင်္ဂလာ (၄)ပါး

ရွှေရောင်ဂိရိန်၊ မြတ်ဝတိန်သာ၊ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ ရာဇတမန်၊ မောင်နတ်မွန်...

mgyoe.com

mgyoe.com


(၁၈) ဆယ်တန်ပါပ၊ သာဝဇ္ဇမှ၊ ကာယ,ဝစီ၊ ဤနှစ်ပါးဖြင့်၊ ရှောင်ရှားခြင်းသည်၊ တစ်ပါးမည်၏–

(၁၉) ဆယ်မည်သဘော၊ ပါပဇောမှ၊ မနောဒွါရ၊ ရက္ခိတဖြင့်၊ ဝေးစွပဲကြဉ်၊ မယဉ်ပါးခြင်း၊ ရှောင်ကွင်းကျင့်ရိုး၊ လုံ့လကြိုးလော့–

(၂၀) ယစ်မျိုးဆယ်ပါး၊ သောက်စားယွင်းလစ်၊ ထိုကျင့်ညစ်ကို၊ ပယ်ပစ်ရှောင်ကွင်း၊ စောင့်ရှောက်ခြင်းကား၊ တစ်ပါးခေါ်ဆို–

(၂၁) ကုသိုလ်ကမ္မ၊ ဓမ္မသိမ်မွေ့၊ မြတ်ခလေ့၌၊ မမေ့မလျော့၊ မပေါ့တုံလျှင်း၊ ယင်းလည်းတခြား–

ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊ မွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန်စွဲမှတ် ရှာလေလော။

## စိတ်ထားကောင်းမွန်ရေးမင်္ဂလာ (၅)ပါး

ငွေရောင်ဂိရိန်၊ မြတ်ဝတိန်သာ၊ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ ရာဇတမန်၊ မောင်နတ်မွန်…

(၂၂) ဆုံးစွန်ကျော်ကြား၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊ ဆရာမိဘာ၊ စိုးရသခင်၊ အရှင်ဂုဏ်ထူး၊ ကျေးဇူးရှိပေ၊ သူမြတ်တွေကို၊ ရိုသေဂါရဝ၊ ပြုအပ်လှ၏–

mgyoe.com

mgyoe.com


(၂၃) နှိမ့်ချထိုက်စွာ၊ နေရာကာလ၊ အိပ်ရာစသည်၊ ပြောထစကား၊ အသွားအလာ၊ အရာရာ၌၊ နိဝါတဖြင့်၊ နှိမ့်ချအမြဲ၊ မှန်ကိုခွဲလော့–

(၂၄) ရောင့်ရဲသိပ်သည်း၊ ပညာတည်း၍ပစ္စည်းဥစ္စာ၊ ရာမရာကို၊ ထောက်ညှာဆိုင်တွဲ၊ ရောင့်ရဲလွယ်ခြင်း၊ နှလုံးသွင်းလော့–

(၂၅) တင်ခြင်းလွန်ကျူး၊ သူ့ကျေးဇူးကို၊ အထူးသိစေ–

(၂၆) ခွဲဝေစိတ်ဖြာ၊ အခါမှတ်သား၊ သိသောအားဖြင့်၊ တရားပေစာ၊ မှတ်နာရခြင်း–

အရင်းအဖျား၊ ဤငါးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန်စွဲမှတ်ရှာလေလော။

## စိတ်ထိန်းကျောင်းရေးမင်္ဂလာ (၄)ပါး

မြရောင်ဂိရိန်၊ မြတ်ဝတိန်သာ၊ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ ရာဇတမန်၊ မောင်နတ်မွန်…

(၂၇) နူန်းရန်ပုံချီ၊ ပထဝီသည်၊ မညီမညွှတ်၊ ယုတ်မြတ်မကောင်း၊ သွန်းလောင်းလှာလည်း၊ ခြင်းရာမခြား၊ မဖောက်ပြားသို့၊ တရားခန္တီ၊ သည်းခံဤလော–

mgyoe.com

mgyoe.com



(၂၈) ပါရမီ ရင့်ညောင်း၊ သူတော်ကောင်းတို့၊ မကောင်း
ရာပြင်၊ ကောင်းရာသင်၍၊ ယူငင်ပြလတ်၊
စကားမြတ်ကို၊ စွဲမှတ်ခံနာ၊ တည်စေရာ၏–
(၂၉) သမဏာ, ဗြဟ္မဏာ၊ ဘိက္ခုစသည်၊ နာမခေါ်
ညွှန်း၊ ရဟန်းရသေ့၊ ဟူသရွေ့ကို၊ ဖူးတွေ့မြော်
ရှု၊ ကြည်ညိုမှုလည်း၊ တစ်ခုမှတ်လေ–
(၃၀) သိစေအခါ၊ ပညာရှိထံ၊ တရားသံကို၊ နာခံဆွေး
နွေး၊ မေးမြန်းပြောဟော၊ နှီးနှောကုန်ရာ–
အင်္ဂါပိုင်းခြား၊ ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊
စိတ်နေညွှတ်လျက်၊ မွန်မြတ်လှစွာ၊ မင်္ဂလာဟု၊
သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန်စွဲမှတ်
ရှာလေလော။

## စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာ (၂)ပါး
## လောကုတ္တရာမင်္ဂလာ (၂)ပါး

ဖန်ရောင်ဂိရိန်၊ မြတ်ဝတိန်သာ၊ နတ်တို့ရှာက၊
ဣန္ဒာဒေဝ၊ ရာဇတမန်၊ မောင်နတ်မွန်...
(၃၁) ညွှန်တဏှာဝ၊ သံသာရမှ၊ ထွက်ရလွယ်
ကြောင်း၊ ရည်ဆုတောင်း၍၊ ထိန်းကျောင်း
ကိုယ်နှုတ်၊ ဥပုသ်သီတင်း၊ မြိုးခြံခြင်းဖြင့်၊
ဖြောင့်စင်းစွဲသုံး၊ နှလုံးမကျန်း၊ ကျင့်တန်းမှန်
စွာ၊ စောင့်စည်းရာ၏–

mgyoe.com

mgyoe.com


(၃၂) လေးဖြာပြဟ္မ၊ဝိဟာရကို၊ သဗ္ဗသတ္တာ၊ သတ္တဝါ ပေါင်း၊ ပို့သွန်းလောင်း၍၊ လေးကြောင်း ပြဟ္မစိုရ်၊ ပွားစိမ့်ခိုလော့–

(၃၃) ထိုထိုဓမ္မ၊ ဝင့်သုံးဝကား၊ ဒုက္ခသစ္စာ၊ တဏှာ လောဘ၊ သမုဒယသစ္စာ၊ ခေမာအမတ၊ နိဗ္ဗာန ကား၊ နိရောဓသစ္စာ၊ သမ္မာဒိဋ္ဌိ၊ အစရှိသည်၊ ခြားဘိမှန်စွာ၊ အင်္ဂါခေါ်တွင်၊ မဂ္ဂင်ရှစ်ပါး၊ မဂ် လေးပါးကား၊ တရားအရ၊ မဂ္ဂသစ္စာ၊ လေးဖြာ ဘေဒ၊ အရိယဖွယ်ရာ၊ သစ္စာလေးအင်၊ သိမြင် ရဟန်၊ တစ်ပါးမှန်၏–

(၃၄) နိဗ္ဗာန်သိမြောက်၊ လမ်းကောင်းလျှောက်၍၊ မျက်မှောက်ပြုခြင်း–

သန့်ရှင်းပိုင်းခြား၊ ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန်ဖွဲ့မှတ် ရှာလေလော။

## လောကုတ္တရာမင်္ဂလာ (၄)ပါး

ရွှေငွေရောင်ရှိန်၊ ဝင်းဝင်းထိန်သား၊ မြတ်ဝတိန် သာ၊ နတ်တို့ရှာက၊ ဣန္ဒာဒေဝ၊ မာဃတမန်၊ မောင် နတ်မွန်။။

mgyoe.com

mgyoe.com



(၃၅) ပြောင်းပြန်ရောနှော၊ အ,လာဘောနှင့်၊ လာ
ဘောတူကွ၊ အ,ယသနှင့်၊ ယသမှတ်ကြံ၊ သုခံ,
ဒုက္ခ၊ နိန္ဒ, ပသံသာ၊ ရှစ်ဖြာလောကဓံ၊ ဆက်ဆံ
ရစ်ငွေ့၊ ကြုံလေတွေ့လည်း၊ ခါရွေ့မခုန်၊
မတုန်မလှုပ်၊ စောင့်ချုပ်မယိမ်း၊ မတိမ်းမပြို၊
ထိုပုဂ္ဂိုလ်၏၊ နဂိုတည်ကြည်၊ စိတ်မြတ်သည်
လည်း၊ တစ်မည်မင်္ဂလာ–
(၃၆) ရောက်ရာရောက်ဆစ်၊ ဘေးရန်ဖြစ်လည်း၊
မညစ်မညှိုး၊ မစိုးမရိမ်၊ ချမ်းငြိမ်းလေသူ၊ စိတ်
ကိုမူလည်း၊ ဖြူသည်မင်္ဂလာ၊ မှတ်လေရာ၏–
(၃၇) တဏှာတပ်ချက်၊ ရမ္မက်ကွာကင်း၊ ထိုအချင်း
လည်း၊ သန့်ရှင်းမင်္ဂလာ–
(၃၈) ဘေးမှကွာ၍၊ ချမ်းသာရဟန်၊ နိဗ္ဗာန်ရသူ၊
နတ်လူဖြဟ္မာ၊ မင်္ဂလာမည်ရ–
မြွက်ဟပိုင်းခြား၊ ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊
စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊
သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန်စွဲမှတ်
ရှာလေလော။

## မင်္ဂလာအကျိုး

မြဖလ်ရောင်ရှိန်၊ ဝင်းဝင်းထိန်သား၊ မြတ်ဝတိန်
သာ၊ နတ်တို့ရှာက၊ ဣန္ဒာဒေဝ၊ မာဃတမန်၊ မောင်

mgyoe.com

mgyoe.com


နတ်မွန်… ပြန်၍တွက်ကျူး၊ ပေါင်းကာရုံးမူ၊ သုံးသုံးနှင့်လေး၊ သုံးလေးလေးတည့်၊ ငါးလေးလေးနောက်၊ လေးပါလှောက်၍၊ ရှေ့နောက်တွက်ချဲ့၊ သချာဖွဲ့သော်၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာကို၊ ကောင်းစွာပြုရ၊ ကျင့်ဆောင်ကမူ၊ ကာလသုံးဖြာ၊ ရှစ်ဖြာအရပ်၊ ရန်ခပ်သိမ်းပင်၊ လွတ်စင်ချမ်းသာ၊ ဘေးမျိုးကွာ၍၊ မဟာသောတ္ထိ၊ မှန်လှဘိ၏၊ သုခိတစစ်၊ ဖြစ်ရခြင်းသည်၊ သုံးမည်ဘုံသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါအား၊ စီးပွားမှန်လှ၊ ဥတ္တမမင်္ဂလာ၊ မှတ်လေရာ၏၊ တောဒိသာနိ၊ ပါဠိအရ၊ အဋ္ဌတိံသာ၊ စိတ်ဖြာအပြား၊ ဤတရားကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။ မှန်မှန်စွဲမှတ်ရှာလေလော။

## နိဂုံး

ရွှေငွေမြဖလ်၊ ရောင်လေးတန်ဖြင့်၊ ယုဂန္ဓရ၊ စသည်မှောင်မှောင်၊ တောင်ခုနစ်ခွေ၊ ရေခုနစ်လွှာ၊ ဝန်းရံကာသား၊ ပဥ္စမာလိန်၊ ဂိရိန်သာမိ၊ ဓိပတိ၏၊ ကဝိတံခွန်၊ နတ်တမန်ကို၊ ဘဂဝန်မြတ်စွာ၊ ဟောသောခါ၌၊ မိစ္ဆာရန်ကြောင့်၊ သန့်ရှင်းဖြောင့်သား၊ ရှစ်သောင့်လေးထောင်၊ စေ့အောင်မချွတ်၊ အရဟတ်ဟု၊ အထွတ်ရောက်မှန်၊ မြတ်ညဏ်သောတာ၊ သကဒါ

mgyoe.com